မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 23 , 2024 Volume 85 , Number 16

၂၃.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၆.၉၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၉.၆၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၇၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## စားအုန်းဆီကို သတ်မှတ်နှုန်းထားထက် ဈေးတင်ပြီး မရောင်းချရန် ဆီအသင်းဥက္ကဋ္ဌတိုက်တွန်း




စားအုန်းဆီကို ရည်ညွှန်းဈေးထက် ၂ ရာခိုင်နှုန်းသာ အမြတ်တင်ရောင်းချရန်နှင့် ဝေးလံသောဒေသများတွင် အဆင့်ဆင့်အမြတ်တင်မှု ၁၀ ရာခိုင်နှုန်းထက်မပိုသော ဈေးနှုန်းဖြင့်သာရောင်းချရန် မြန်မာနိုင်ငံဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်း (MEODA ) ဥက္ကဋ္ဌဦးဆန်းလင်းက မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ ၃၂ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေါ်လာရရှိအောင်ဆောင်ရွက်ပေးထားပြီးဖြစ်၍ ဈေးတင်မရောင်းချရန်နှင့် လက်ရှိအချိန်တွင် ပြည်ပမှတင်သွင်းသည့် စားသုံးဆီများ ပင်လယ်ဝကိုရောက်သည်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးနေပြီးလိုင်စင်ထုတ်ပေးသည့်ပမာဏ၏ ၃၅ ရာခိုင်နှုန်းအတွက် တစ်ဒေါ်လာ ၂၁၀၀ ကျပ်ဖြင့် ဒေါ်လာရောင်းချပေးကာ ကျန်ရှိ ၆၅ ရာခိုင်နှုန်းအတွက် Online Trading Platform မှ ဝယ်ယူရရှိနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကရှင်းပြခဲ့သည်။

ထို့ပြင်အပတ်စဉ်ထုတ်ပြန်ပေးနေသည့်ရည်ညွှန်းဈေးသည်စားသုံးသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အလွယ်တကူဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့ကြောင့် တင်သွင်းလာသည့် စားအုန်းဆီများကို တစ်ဆင့်ပြန်လည်ရောင်းချသည့် လက်လီလက်ကားစားသုံးဆီကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏သတ်မှတ်ထားသည့် ၂ ရာခိုင်နှုန်းအမြတ်ဖြင့်သာ စားသုံးသူများထံ အလွယ်တကူဖြန့်ဖြူးရောင်းချပေးရန် တိုက်တွန်းထားသည်။

**Source : Popular News Journal**

## ကော်ဖီရာသီသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီသီးမှည့်များကို စတင်ဝယ်ယူနေ



ပြည်တွင်း၌ ယခုအခါကော်ဖီရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီသီးမှည့်များကို Export ကုမ္ပဏီများနှင့် ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များက စတင်ဝယ်ယူနေကြောင်း ပြင်ဦးလွင်မြို့နယ်ကော်ဖီသုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာနက သိရသည်။

လက်ရှိတွင် ပြင်ဦးလွင်ဒေသထွက် အရည်အသွေးကောင်းမွန်သောကော်ဖီသီးမှည့်များကို ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များက ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိနေကြောင်း သိရသည်။

"အခုဆိုရင် ပြည်တွင်းမှာ ကော်ဖီရာသီစတင်နေပါပြီ။ဒီနှစ်မှာ မိုးရွာတာစောတဲ့အတွက် ကော်ဖီပွင့်တာ၊ သီးတာ အရင်နှစ်တွေကထက် နည်းနည်းစောပါတယ်။အဲဒီအတွက်ကြောင့် အခုဆိုရင်ကော်ဖီသီးတွေမှည့်တဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်ပါတယ်။အရင်နှစ်တွေက အခုလိုအချိန်မှာ မိုးနာသီးတွေ ရောနေတတ်တဲ့အတွက် ကော်ဖီသီးမှည့်တွေကို ဝယ်တဲ့သူတွေကနည်းနည်းနောက်ကျပြီးမှ ဝယ်လေ့ရှိပါတယ်။ ဒီနှစ်မှာတော့ လုပ်ငန်းရှင်တချို့က စတင်ဝယ်ယူနေကြပြီ"ဟု ပြင်ဦးလွင်မြို့နယ်ကော်ဖီသုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာနမှတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုအခါ ပြည်ပကုမ္ပဏီများသို့ တင်ပို့ရောင်းချမည့် ပြည်တွင်းမှ Export ကုမ္ပဏီများနှင့် ကော်ဖီလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်တချို့က ကော်ဖီသီးမှည့်များကို စတင်ဝယ်ယူနေကြပြီဖြစ်ကာ ထိုသို့ပြည်ပတင်ပို့သောလုပ်ငန်းရှင်များတွင် Speciality Coffee ကိုဝယ်ယူရောင်းချသူများရှိသကဲ့သို့ Commercial Grade Coffee ကို ဝယ်ယူရောင်းချသူများလည်းရှိသည်။

မြန်မာနိုင်ငံ၌ ကော်ဖီသည် တန်ဖိုးမြင့်ထုတ်ကုန်သီးနှံတစ်မျိုးဖြစ်သည့်အတွက် Speciality Coffee ကို ပြည်ပသို့တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိနေသကဲ့သို့ ပြည်တွင်း၌လည်း ဖူလုံမှုရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီများသည် အရည်အသွေးကောင်းမွန်ကာ Speciality Grade ကိုမီသည့်အတွက် ပြည်ပမှကော်ဖီလုပ်ငန်းရှင်များက ကြိုက်နှစ်သက်ကာ ပြည်ပဈေးကွက်အခြေအနေကောင်းမွန်လျက်ရှိသောကြောင့် နှစ်စဉ်မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၂၀၀၀ နှင့်အထက်တင်ပို့နေရကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၁၂-၂၀၂၄ မှ ၂၀-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၅၀၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၈၈၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၇၇၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၅,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၁၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၃၈,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၄ လုံး (တန်ချိန် ၁၅၃၆) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀ )ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၉ လုံး (တန်ချိန် ၉၃၆) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေှတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇၀၀၀၊ မြားနီ ကျပ် ၆၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၃၅၀ (၂၇,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ငရုတ်ရှည်အိတ်ပေါင်း ၅၀ (၁,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ )ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း)ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၁၂-၂၀၂၄ မှ ၂၀-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၉၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၈၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး မြင်းခြံလတ်ကြီး ကျပ် ၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၅ စီး(၆၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကားစီးရေ ၂၅ စီး(၁၅၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၂,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၀၀၀နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၅၀၀(၄၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကြက်သွန်ဖြူအိတ် ၂၀၀ (၆,၀၀၀ ပိဿာ)လျော့

နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာအာလူး(တစ်ပိဿာ)ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၄၀၀၀၊ အောင်ပန်း OK ကျပ် ၅၀၀၀ ၊အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၇၀၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူးမှာ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈ စီး (၁၀၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၈ စီး (၁၀၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ဆည်မြို့၌ ဘူးသီးများ ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပင်တလည်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဘူးသီးကို မိသားစုတစ်နိုင်တစ်ပိုင်အနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးသီးကို ရာသီမရွေး စိုက်ပျိုးနိုင်ကာ စိုက်ပျိုးပြီး ၃ လခန့်အကြာတွင် ဘူးသီးများစတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘူးလည်လှ၊ ဘူးရှည်မျိုးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဘူးပင်စိုက်ပျိုးရာတွင် မြေဆွေး၊ မြေသြဇာများကို သမအောင်ရောစပ်ပြီး စိုက်ဘောင်များပြုလုပ်၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀,၀၀၀ကျပ်ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့်တစ်ကေလျှင် ဘူးသီးအလုံးရေ ၅,၀၀၀ ခန့်ထွက်ရှိပြီး အလုံးအရွယ်အစားပေါ်မူတည်၍ လက်ကားဈေးတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှင့် လက်လီဈေးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀– ၁၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ကေလျှင် ငွေကျပ် ၁၇ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့်သီးနှံပွဲစားများမှ စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီးဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်၊ မော်လမြိုင်နှင့်ညောင်တုန်းမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘူးသီး သီးနှံစိုက်ပျိုးခြင်းသည် ဘူးသီးအပြင်ဘူးညွန့်များကိုပါရောင်းချရသည့်အတွက်မိသားစုအပိုဝင်ငွေရရှိပြီး ဘူးသီးဈေးနှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်ရရှိကာ တောင်သူများအဆင်ပြေလျက်ရှိကြောင်း ဘူးသီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## မန္တလေးပဲဈေးကွက်အတွင်း ပေါ်ဦးပေါ်ဖျား ပဲလွှမ်းဖြူများ အရောင်းအဝယ်သွက်နေ

မန္တလေးပဲဈေးကွက်အတွင်း မြန်မာနိုင်ငံအထက်အညာဒေသမှစိုက်ပျိုးထွက်ရှိသော ပေါ်ဦးပေါ်ဖျားပဲလွှမ်းဖြူများ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များထံက သိရသည်။

လက်ရှိမန္တလေးဈေးကွက်သို့ သပိတ်ကျင်း၊မတ္တရာ၊စဉ့်ကူး၊တကောင်းနှင့်ထီးချိုင့်စသည့် အထက်အညာဒေသများမှ ပဲလွှမ်းဖြူများစတင်ဝင်ရောက်နေပြီး ကျောက်ဆည်မြို့နယ်မှလည်း ဝင်ရောက်လျက်ရှိသည်။

ပဲလွှမ်းဖြူသည် နှစ်စဉ်နတ်တော်လတွင် စပေါ်လေ့ရှိသောကြောင့် အထက်အညာဒေသ၌ နတ်တော်ပဲဟုလည်း ခေါ်ကြကြောင်း၊ယခုအခါ ပြည်တွင်းပြည်ပမှဝယ်လိုအားများကြောင့် မန္တလေးပဲဈေးကွက်အတွင်း ပဲလွှမ်းဖြူများဈေးရရှိနေကြောင်း သိရသည်။

"ပဲလွှမ်းဖြူက ပြီးခဲ့တဲ့နှစ်ကထက်ဒီနှစ်မှာပိုပြီးဈေးရရှိနေပါတယ်။ အခုထွက်ရှိလာတဲ့ ပဲလွှမ်းဖြူတွေကအရည်အသွေးကောင်းပြီး အလုံးလည်းလှတဲ့အတွက်ရောင်းပန်းသာပါတယ်"ဟု မန္တလေးမြို့ရှိပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ပဲလွမ်းဖြူများကို ပြည်တွင်း၌စားသုံးကြသော်လည်းအများအားဖြင့် ပြည်တွင်းမှထွက်ရှိသော ပဲလွမ်းဖြူ ၉၀ ရာခိုင်နှုန်းခန့်ကိုအိန္ဒိယ၊တရုတ်၊ဂျပန်နှင့်ဥရောပနိုင်ငံတို့သို့တင်ပို့နေရသည့်အတွက်နိုင်ငံခြားဝင်ငွေရရှိသောပဲတစ်မျိုးဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ပဲလွမ်းဖြူကို ဧရာဝတီမြစ်ကမ်းနှင့်ချင်းတွင်းမြစ်ကမ်းအနီး မြစ်ရေဝင်ရောက်သော အရပ်ဒေသများရှိ မြေနုကျွန်းများပေါ်၌ မြစ်ရေကျချိန်ဖြစ်သော တော်သလင်းလနှင့်သီတင်းကျွတ်လများတွင်စိုက်ပျိုးကြကြောင်း၊ ပဲလွမ်းဖြူကို ကျောက်ဆည်၊ မတ္တရာ၊ စဉ့်ကူး၊ ဝမ်းတွင်း၊ သဲတော၊ မုံရွာ၊ ပခုက္ကူ၊ စလင်းနှင့်ဆင်ဖြူကျွန်းစသည့်မြို့နယ်များ၌ အများဆုံးစိုက်ပျိုးကြပြီး မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် ဟင်္သာတ၊ ဇလွန်၊ ခရမ်း၊ သုံးခွစသည့်မြို့နယ်များ၌လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးနု ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့



ဧရာဝတီတိုင်းဒေသကြီးဓနုဖြူမြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးနုပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ဓနုဖြူမြို့နယ်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးနုများအပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကွမ်းသီးနုပိဿာချိန် ၅၅,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီးနိုဝင်ဘာ ၁ ရက်မှ ၃၀ ရက် ထိတစ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးနုများကို ရန်ကုန်ဈေးကွက် က အဝယ်လိုက်နေခြင်းသည် ကွမ်းသီးနုများကို ပြည်ပဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ပြည်ပဈေးကွက်က ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးနုကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိကွမ်းသီးနု ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၅,၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံဘက်ကပါဝယ်ယူမှုတွေရှိပါတယ်”ဟု ဓနုဖြူမြို့နယ်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source: ရတနာပုံ သတင်းစာ**

## ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၀၀ ဘီလီယံအထိရှိလာနိုင်

ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်တန်ဖိုးသည် ယခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၈၀၀ ဘီလီယံရှိလာနိုင်ပြီး ၂၀၂၂ ခုနှစ်က စံချိန်တင်ခဲ့သည့် အမေရိကန်ဒေါ်လာ ၇၃၂ ဘီလီယံကျော်လွန်သွားဖွယ်ရှိကြောင်း စီးပွားရေးပညာရှင် Dinh Trung Thinh က ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်၊ EU ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ကဲ့သို့ အဓိကဈေးကွက်များနှင့်ကုန်သွယ်မှုတွင် အပြုသဘောဆောင်သည့် ရလဒ်များစွာရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း Thinh က ၎င်း၏ခန့်မှန်းချက်ကို ပြောကြားခဲ့သည်။

ထို့ပြင် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် FTAs များမှ ရရှိမည့် အခွင့်အလမ်းများကို အသုံးပြု၍ ယခုနှစ်စတုတ္ထ ၃ လပတ်တွင် ပို့ကုန်တိုးတက်မှုမြှင့်တင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းစီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းက Baocongthuong.vn သို့ ပြောကြားခဲ့သည်။

အဓိကပွဲတော်များကြောင့် စတုတ္ထ ၃ လပတ်တွင် ဗီယက်နမ်နိုင်ငံ၏ပို့ကုန်များအထူးသဖြင့်အထည်အလိပ်နှင့်အဝတ်အထည်၊ဖိနပ်၊အီလက်ထရွန်းနစ်၊ စိုက်ပျိုးရေး၊သစ်တောနှင့်ငါးဖမ်းလုပ်ငန်းတို့တွင်ဝယ်လိုအားတိုးလာမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်အထည်အလိပ်နှင့်အထည်အလိပ်အသင်း VITAS ဥက္ကဋ္ဌ Vu Duc Giang က အထည်ချုပ်နှင့်အထည်အလိပ်တင်ပို့မှုသည်ယခုနှစ်လက်ကျန်လများအတွက်တစ်လလျှင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ရရှိမည်ဟုမျှော်လင့်ထားပြီး တစ်နှစ်စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဘီလီယံကျော်ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း Vinafruit ၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က တရုတ်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ကဲ့သို့သောအဓိကဈေးကွက်များကြီးထွားလာမှုကြောင့်ယခုနှစ်တွင်သစ်သီးဝလံပန်းမန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဘီလီယံအထိ စံချိန်သစ်တင်ရောက်ရှိနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

အထွေထွေစာရင်းအင်းရုံး GSO ၏ အဆိုအရ နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၉ လ အတွင်း ၁၆ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပို့ကုန်တင်ပို့မှုမှာအမေရိကန်ဒေါ်လာ ၂၉၉ ဒသမ ၆၃ ဘီလီယံရှိကြောင်း၊ကုန်စည်အုပ်စု ၇ ခုမှ တစ်ခုစီ၏ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိကြောင်း သိရသည်။

အဆိုပါကုန်စည်များတွင် စက်ယန္တရားများ၊ စက်ကိရိယာများ၊ ကိရိယာများ၊ အပိုပစ္စည်းများ၊ ဖုန်းနှင့် အစိတ်အပိုင်းများ၊ ကွန်ပျူတာများ၊ အီလက်ထရွန်နစ်ထုတ်ကုန်များနှင့် အစိတ်အပိုင်းများ၊ ဖိနပ်များ၊ အဝတ်အထည်များ၊ သစ်သားနှင့်ပရိဘောဂပစ္စည်းများ၊သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အပိုပစ္စည်းများပါဝင်ကြောင်း ရေးသားဖော်ပြထားသည်။

အမေရိကန်သည် ဗီယက်နမ်နိုင်ငံ၏အကြီးဆုံးပို့ကုန်ဈေးကွက်တွင် ဝင်ငွေအမေရိကန် ဒေါ်လာ ၉၀ ဘီလီယံနီးပါးဖြင့် ဆက်လက်ရပ်တည်နေပြီး ဗီယက်နမ်သည်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၅ ဘီလီယံရှိကြောင်း ဖော်ပြထားပါသည်။

အဆိုပါကာလအတွင်း သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၇၉ ဘီလီယံကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၇ ရာခိုင်နှုန်းတိုးလာကြောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၇၈ဘီလီယံဝင်ရောက်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုအနေဖြင့် ကုန်ပစ္စည်းအမျိုးအစား ၄၀ တွင် တစ်ခုချင်းစီ၏ တင်သွင်းမှုတန်ဖိုးမှာ ၁ ဘီလီယံကျော်ရှိပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၉၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံအတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံဖြင့် အကြီးမားဆုံးတင်သွင်းသူဖြစ်ပြီး ဗီယက်နမ်အတွက် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၆၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ ဗီယက်နမ်သည် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၉ ဘီလီယံရရှိခဲ့ပြီးယခင်နှစ်အလားတူကာလတွင်မှတ်တမ်းတင်ထားသောကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ၁ ဘီလီယံထက် လျော့နည်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။

စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံနှင့် FTAs ရရှိပြီးဖြစ်သည့် အဓိကဈေးကွက်များနှင့် ကုန်သွယ်မှုအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စေ့စပ်ညှိနှိုင်းမှုများ၊ FTA များကို လက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်းတို့ကို အရှိန်မြှင့်ကာ ဆောင်ရွက်လျက်ရှိပြီး အစ္စရေးနှင့်ယူအေအီးစသည့်ဈေးကွက်များနှင့်ကုန်သွယ်မှုချိတ်ဆက်မှုများဆောင်ရွက်ကာ ထောက်ပံ့ရေးကွင်းဆက်များကွဲပြားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source: Vietnam News**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၌ နိုင်ငံခြားသားဝန်ထမ်းခန့်အပ်နိုင်သည့် ခွဲတမ်းအရေအတွက်တိုးမြှင့်သည့်အပေါ် အစိုးရအဖွဲ့က မူအားဖြင့် သဘောတူခဲ့

ထိုင်းနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားသားဝန်ထမ်းပြတ်လပ်မှုကို ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားဝန်ထမ်းခန့်အပ်နိုင်သည့် ခွဲတမ်းအရေအတွက်တိုးမြှင့်သည့်အပေါ် အစိုးရအဖွဲ့ကမူအားဖြင့် သဘောတူခဲ့ကြောင်း သိရသည်။

ထိုင်းဥပဒေများအရ တစ်ဦးတည်းပိုင်လုပ်ငန်းများတွင် နိုင်ငံခြားသားလုပ်သားအရေအတွက်မှာ ၁၀၀ ဦးဖြစ်ပြီး နိုင်ငံမဲ့ နိုင်ငံခြားသားလုပ်ငန်းသားကန့်သတ်ချက်မှာ လုပ်ငန်းတစ်ခုလျှင် ၅၀ ဦး သတ်မှတ်ထားပါကြောင်း၊ နိုင်ငံခြားသားလုပ်သားအရေအတွက် ကန့်သတ်ထားသည့် ဥပဒေသည် ၁၉၇၉ ခုနှစ်ကတည်းကဖြစ်သည်ဟု ဝန်ကြီးချုပ်ကထောက်ပြထားပါကြောင်း၊ ၄၅

နှစ်တာကာလအတွင်း စီးပွားရေးအခြေအနေများသည် သိသိသာသာပြောင်းလဲလာခဲ့သည်ဖြစ်၍ လုပ်ငန်းတစ်ခုချင်းအတွက် နိုင်ငံခြားသားလုပ်သားအချိုးကိုလည်း သင့်လျော်သလို တိုးမြှင့်ရန်ဖြစ်ကြောင်း၊ နိုင်ငံ၏လုံခြုံရေးကို မထိခိုက်စေသည့် သင့်တင့်သောအရေအတွက် ဆုံးဖြတ်နိုင်ရေးအတွက် ဝန်ကြီးချုပ်ကပြည်ထဲရေးဝန်ကြီးဌာနကိုတာဝန်ပေးအပ်ထားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Mr. Jirayu Huangsab က ပြောကြားခဲ့သည်။

ထိုင်းဥပဒေများက ထိန်းညှိပေးသည့်နိုင်ငံခြားသားများအလုပ်လုပ်နိုင်သော အလုပ်အကိုင်အမျိုးအစား သို့မဟုတ် နိုင်ငံခြားသားများကို ဆွဲဆောင်နိုင်သော အသက်မွေးဝမ်းကျောင်းပုံစံမှာ ၃ မျိုး ဖြစ်ပါကြောင်း၊ တားမြစ်ထားသောလုပ်ငန်းအမျိုးအစားများ၊ ကန့်သတ်ထားသော လုပ်ငန်းအမျိုး အစားများနှင့် အခြေ အနေအရ ခွင့်ပြုပေးသည့် လုပ်ငန်းအမျိုးအစားများဖြစ်ကြောင်း၊ သတင်းစာ၊ ရေဒီယိုထုတ်လွှင့်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် တားမြစ်ထားသောလုပ်ငန်းများတွင် နိုင်ငံခြားသားများကို အလုပ်လုပ်ကိုင်ရန် ခွင့်မပြုပါကြောင်း၊ နိုင်ငံလုံခြုံရေးယဉ်ကျေးမှုအမွေအနှစ်များနှင့်ယဉ်ကျေးမှုများကိုထိခိုက်နိုင်သည့် လုပ်ငန်းများစသည့် ကန့်သတ်ထားသည့်လုပ်ငန်းများတွင် အစိုးရအဖွဲ့ခွင့်ပြုချက်ဖြင့်သာ နိုင်ငံခြားသားများကို ခန့်အပ်နိုင်ကြောင်း၊ ထိုင်းနိုင်ငံသားများအနေဖြင့် ယှဉ်ပြိုင်ရန်ပြင်ဆင်ထားခြင်းမရှိသေးသည့်အခြေအနေအရခွင့်ပြုပေးသည့် လုပ်ငန်းတွင်နိုင်ငံခြား စီးပွားရေးလုပ်ငန်းကော်မရှင်၏ခွင့်ပြုချက်ရရှိပြီးနောက်မှသာနိုင်ငံခြားသားများအလုပ်လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး**

https://myantrade.gov.mm/

## အိန္ဒိယ၏ ဒီဇင်ဘာ ၁၅ ရက်အထိသကြားထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့

အိန္ဒိယနိုင်ငံ၏ ၂၀၂၄-၂၀၂၅ ခုနှစ် သကြားထုတ်လုပ်မှုရာသီတွင် အီသနောအတွက် သကြားများပိုမိုအသုံးပြုခြင်းနှင့် မဟာရက်ရှ်ထရာနှင့်ကနာတာကာပြည်နယ်တို့တွင် ကြံကြိတ်ခွဲခြင်းလုပ်ငန်းများနောက်ကျခြင်းကြောင့် သကြားထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အိန္ဒိယသကြားနှင့်ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း ISMA ကပြောကြားခဲ့သည်။

လက်ရှိရာသီတွင် ဒီဇင်ဘာလအထိ သကြားထုတ်လုပ်မှုသည် တန်ချိန် ၆၁ ဒသမ ၃၉ သိန်းသာရှိခဲ့ပြီး ယမန်နှစ်ကာလတူက တန်ချိန် ၇၄ ဒသမ ၀၅ သိန်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း ၊အီသနောအတွက် သကြားအားများပြားစွာအသုံးပြုခြင်းသည် သကြားထုတ်လုပ်မှုကျဆင်းရခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ISMA က ပြောကြားထားသည်။

ယခုနှစ်တွင် အီသနောထုတ်လုပ်မှုအတွက် သကြားသုံးစွဲမှုသည်ပိုမိုများပြားမည်ဖြစ်ပြီး တန်ချိန် ၄၀ သိန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ယမန်နှစ်အသုံးပြုမှုတန်ချိန် ၂၁ ဒသမ ၅ သိန်းသာရှိခဲ့ကြောင်း ISMA က ပြောကြားထားသည်။

ပြီးခဲ့သောနှစ်တွင် ဗဟိုအစိုးရသည် နိုင်ငံတွင်း သကြားဈေးနှုန်းများကို ထိန်းချုပ်ရန်အတွက် အီသနောထုတ်လုပ်မှုအတွက် သကြားအသုံးပြုမှုကို လျှော့ချခဲ့သည်။

မဟာရက်ရှ်ထရာနှင့် ကနာတာကာပြည်နယ်တို့တွင် ရွေးကောက်ပွဲများကြောင့် ကြံကြိတ်ခွဲခြင်းလုပ်ငန်းစတင်မှုနှောင့်နှေးခြင်းသည် နိုင်ငံတွင်းသကြားထုတ်လုပ်မှုအရှိန်ကို နှေးကွေးစေခဲ့သည်။

ယခုနှစ်တွင် သကြားကြိတ်ခွဲသည့် လုပ်ငန်းလည်ပတ်သည့် စက်ရုံအရေအတွက်မှာ ၄၇၇ ရုံရှိပြီး ယမန်နှစ်အလားတူ ကာလတွင် စက်ရုံ ၄၉၆ ရုံ ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် Karnataka တွင်ရှိသော သကြားစက်ရုံများသည် ကြိတ်ခွဲမှုများကို ၇ ရက် မှ ၁၂ ရက်လောက်အထိ နောက်ကျခဲ့ကြောင်း၊ မဟာရက်ရှ်ထရာရှိ သကြားစက်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၅ ရက် မှ ၂၀ ရက်ထိ နောက်ကျခဲ့ကြောင်း၊ ထိုသို့သကြားထွက်ရှိရာ အဓိကပြည်နယ်များတွင် သကြားကြိတ်ခွဲခြင်း နောက်ကျခဲ့သော်လည်း အရေအတွက်၊ လုပ်ငန်းဆောင်ရွက်သည့် စက်ရုံများနှင့် ကြိတ်ခွဲမှုနှုန်းသည် ပိုမိုမြန်ဆန်သောနှုန်းဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ISMA ကပြောကြားခဲ့သည်။

အထက်ပါ အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် သကြားကိုအီသနောထုတ်လုပ်မှုတွင် အသုံးပြုမှုမြင့်မားခြင်းနှင့် ပြည်တွင်းစားသုံးမှု ကြီးမားမှုကြောင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှု လျော့နည်းလာနိုင်မည် ၊အခြားသောဒေသတွင်း သကြား

စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် ဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပါကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။**

https://myantrade.gov.mm/

## အိန္ဒိယစီးပွားရေးသည် ၂၀၂၆ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်

India Ratings and Research (Ind – Ra )အဖွဲ့က အိန္ဒိယစီးပွားရေးသည် ၂၀၂၅ –၂၀၂၆ တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့ပြီး လက်ရှိဘဏ္ဍာရေးနှစ် တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကာလများကဲ့သို့ ၂၀၂၆ ခုနှစ်၌ အိန္ဒိယစီးပွားရေး၏ အဓိကတိုးတက်မှုဖြစ်မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

အိန္ဒိယစီးပွားရေးသည် လွန်ခဲ့သည့်သုံးလပတ်အတွင်း တိုးတက်မှုနှေးကွေးခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီး ဒီဇင်ဘာသုံးလပတ်တွင် ပြန်လည်ကောင်းမွန်လာဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားသည်။

၂၀၂၄ ဘဏ္ဍာနှစ်အထိ အိန္ဒိယနိုင်ငံ၏ GDP တိုးတက်မှုသည် Covid-19 ၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ၂၀၂၄ –၂၀၂၅ ဘဏ္ဍာရေးနှစ်၏ ဇွန်လသုံးလပတ် GDP တိုးတက်မှုသည် ၂၀၂၄ ခုနှစ် မေလ အထွေထွေရွေးကောက်ပွဲတို့ကြောင့် သက်ရောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ အိန္ဒိယစီးပွားရေးသည် ငွေကြေး၊ ဘဏ္ဍာရေးနှင့် ပြင်ပရေးရာကြပ်တည်းမှုများနှင့်ရင်ဆိုင်နေရသည်ဟု Ind – Raကယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် ငွေကြေးအခြေအနေ များ အဆင်ပြေလာမည်ဟု မျှော်လင့်ထားသော်လည်း ဘဏ္ဍာရေးနှင့်ပြင်ပရေးရာကြပ်တည်းမှုများကို ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်မျှော်လင့်ထားရမည်ဖြစ်ကြောင်း Ind – Ra က ပြောကြားခဲ့သည်။

Ind – Ra ၏ ပြောကြားချက်အရ ဒေါ်လာတန်ဖိုးဆက်လက်အားကောင်းနေပါက တိုးတက်မှုနှင့်ငွေကြေးဖောင်းပွမှုခန့်မှန်းချက်သည် အကောက်ခွန်နှုန်းအားပြိုင်မှုနှင့် ပြည်ပသို့အရင်းအနှီးများစီးဆင်းမှုတို့ကြောင့် သက်ရောက်မှုများရှိနိုင်ကြောင်း ပြောကြားထားသည်။

Ind-Ra သည် ၂၀၂၆ဘဏ္ဍာရေးနှစ်တွင် လက်လီငွေကြေးဖောင်းပွမှုကို ပျမ်းမျှ ၄ ဒသမ ၄ ရာခိုင်နှုန်းအထိမျှော်မှန်းထားပြီး ယင်းသည်၂၀၂၅ ဘဏ္ဍာရေးနှစ် ခန့်မှန်းချက် ၄ ဒသမ ၉ ရာခိုင်နှုန်းထက် ပိုမိုလျော့နည်းသည်ကို တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၆ ဘဏ္ဍာနှစ်တွင် လိုငွေအမေရိကန်ဒေါ်လာ ၃၀၈ ဘီလီယံ၊၂၀၂၅ ဘဏ္ဍာ နှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၄ ဘီလီယံ၊ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၉ ဘီလီယံအသီးသီးရှိမည်ဟု Ind-Ra က ခန့်မှန်းထားကြောင်း သိရသည်။

**Source: India economy to grow 6.6 pc in FY26: Ind-Ra, The Economic Times, 18 December, 2024.**

**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (23.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 5,616 (Shares) | 16,714,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| FMI | 00001 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,200 | 545 | 4,540,300 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +100 | +3.23% | 3,150 | 3,200 | 3,150 | 381 | 1,206,050 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 1 | 8,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 1,677 | 3,221,300 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 27 | 81,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,352 | 2,270,800 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 233 | 1,026,200 | 10,497,598 | 47,239 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 1,400 | 4,360,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 23rd Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.77 | -0.85 | -0.22% | 391.07 | 392.10 | 386.64 | 5,616 | 16,714,050 | 8 | 737,064 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Dec. 2024

| Trading Volume | Trading Value |
|---|---|
| 5,617 (Shares) | 16,717,200 (MMK) |

## Main Board

As of 1:00 pm, 23rd Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,616 (Shares) | 16,714,050 (MMK) |

| MYANPIX | 390.77 ▼ 0.85 |
|---|---|
| Total Volume (shares) | 5,616 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 737,064 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |